# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 22 , 2022 Volume 58, Number 16


### ၂၂.၉.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၆၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၂၂၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၇၃.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၈၂.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၇၅.၂ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၅.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၆.၆၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၉၉၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၁၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၉.၈၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၂၆၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## ယခုနှစ် ဩဂုတ်လတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ဘိလပ်မြေ ၂၈၅၂ တန် တင်သွင်းခဲ့

ယခုနှစ် ဩဂုတ်လတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ဘိလပ်မြေ ၂၈၅၂ တန် တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန သတင်းများအရသိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ ပုဂ္ဂလိကပိုင်ဘိလပ်မြေစက်ရုံ ၁၆ ရုံနှင့် နိုင်ငံပိုင် ဘိလပ်မြေစက်ရုံသုံးရုံမှ တစ်နှစ်လျှင် ဘိလပ်မြေတန်ချိန် ခုနစ်သန်းမှ ကိုးသန်းထိ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ သို့သော် ပြည်တွင်းလိုအပ်ချက်အရ နှစ်စဉ် ပြည်ပမှ ဘိလပ်မြေတန်ချိန် တစ်သန်းခန့် မှာယူတင်သွင်းခဲ့ကြောင်း သိရသည်။

ဘိလပ်မြေဈေးကွက်များသည် ဆောက်လုပ်ရေးလုပ်ငန်းများ၏ သွက်လက်လှုပ်ရှားမှုအပေါ်မူတည်၍ လုပ်ကိုင်ဆောင်ရွက်နေရသည့် ဈေးကွက်တစ်ခုဖြစ်ပြီး ယခုအခါ ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများ တွင်ကျယ်စွာလုပ်ကိုင်ဆောင်ရွက်နိုင်မှုနည်းပါးသဖြင့် ပြည်ပမှဘိလပ်မြေတင်သွင်းမှုများ လျော့ကျလာခဲ့ကြောင်းသိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ ယခုနှစ် ဩဂုတ်လတွင် ဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တင်သွင်းမှုမရှိဘဲ ပင်လယ်ရေကြောင်း တစ်ခုတည်းကသာ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၇၂ သန်းဖိုးရှိ ဘိလပ်မြေ ၂၈၅၂ တန် တင်သွင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ အရည်အသွေးမီ စွမ်းအားပြည့် လည်ပတ်နိုင်စေရေး၊ အရည်အသွေးမီ ဘိလပ်မြေစက်ရုံများ တိုးတက်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်ကဆောင်ရွက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## မွန်ပြည်နယ်တွင် ရော်ဘာရာသီအဖွင့်ကာလအတွင်း ခြံရှင်များအနေဖြင့် ခတ်မြေဩဇာဈေးနှုန်းနှင့် လုပ်အားခကြီးမြင့်မှုနှင့် ရင်ဆိုင်နေရ

မွန်ပြည်နယ်တွင် ယခုနှစ် ရော်ဘာရာသီ အဖွင့်ကာလအတွင်း ခြံရှင်များအနေဖြင့် ခတ်မြေဩဇာဈေးနှုန်းနှင့် အလုပ်သမားများ၏ လုပ်အားခဈေးနှုန်းကြီးမြင့်မှုနှင့် ရင်ဆိုင်နေရကြောင်း ရော်ဘာခြံပိုင်ရှင်များနှင့် ရော်ဘာလုပ်ငန်းရှင်များ၏ ပြောကြားချက်များအရ သိရသည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com



https://news-eleven.com/article/237690

"မနှစ်က ပုလဲဝဲတစ်အိတ်ကို ၄၅၀၀၀ ကျပ်ပဲရှိတယ်။ ဒီနှစ်မှာတော့ ပုလဲဝဲ တစ်အိတ်ကို ၁၅၀၀၀၀ ကျပ်လောက်ဖြစ်နေတယ်။ အကုန်အစစအရာရာ ဈေးနှုန်း တွေက မြင့်တက်နေတယ်ပေါ့လေ။ ခြံရှင်း၊ ချုံခုတ်ဖို့အတွက်က မြက်ရိတ်စက်နဲ့ လုပ်တော့ စက်သုံးဆီဈေးနှုန်းတက်နေတာနဲ့ ကုန်ကျစရိတ်က ပိုများနေတယ်။ အဲဒီအပြင်ကို သယ်ယူပို့ဆောင်စရိတ်တွေကလည်း တက်နေတယ်ပေါ့ဗျာ။ ပုံမှန် တစ်နှစ်ကို ဓာတ်မြေသြဇာအိတ် ၁၀၀ လောက် ထည့်ရမယ့်ခြံဆိုရင် ဒီနှစ်မှာဆိုရင် အိတ် ၃၀ လောက် ပဲထည့်နိုင်တော့မယ်။ ဓာတ်မြေသြဇာထည့်တာနည်းရင် အထွက်နှုန်းကလည်း နည်းသွားနိုင်တာပေါ့" ဟု ရေးမြို့မှ ရော်ဘာခြံပိုင်ရှင်တစ်ဦးက ပြောကြားသည်။

၎င်းကဆက်လက်ပြီး "နောက် ကုန်ဈေးနှုန်းတွေဈေးတက်တော့ လုပ်အားခတွေလည်း ဈေးတက်ကုန်တယ်လေ။ မနှစ်က အပင်တစ်ပင်ကို ရက်ပေါင်း ၃၀ ခြစ်ရင် ၃၀၀ ကျပ်နှုန်းနဲ့ ရှင်းပေးရတယ်။ အပင် ၁၀၀၀ ဆိုရင် လကုန်ရင် ၃၀၀၀၀၀ ကျပ် နှုန်းနဲ့ ရှင်းပေးရတယ်ပေါ့။ ဒီနှစ်မှာတော့ ရော်ဘာခြံကထွက်မယ့် အကျိုးအမြတ်ကို ခြံရှင်က ၆၀ ရာခိုင်နှုန်း၊ အလုပ်သမားက ၄၀ ရာခိုင်နှုန်းနဲ့ လုပ်နေကြတာတွေလည်းရှိသလို ခြံရှင်ရော အလုပ်သမားပါ ၅၀ ရာခိုင်နှုန်းစီနဲ့လုပ်နေကြရတဲ့ ခြံတွေလည်း ရှိနေတယ်လို့သိရတယ်။ ခြံရဲ့ကုန်ကျစရိတ်ကို ခြံရှင်ကကျခံရတာမျိုးဆိုတော့ လက်ရှိကုန်ကျစရိတ်တွေနဲ့က ခြံရှင်တွေအနေနဲ့ အဆင်မပြေလှဘူး"ဟု ပြောကြားသည်။

ထို့ပြင် အတွင်းပိုင်းရှိ တချို့ခြံများတွင် အကျိုးအမြတ်အနေဖြင့် ခြံရှင်က ၄၀ ရာခိုင်နှုန်းနှင့် အလုပ်သမားက ၆၀ ရာခိုင်နှုန်း လုပ်ကြရသည်များလည်းရှိသည်ဟုသိရကြောင်း၊ အချို့အလုပ်သမားများအား ရော်ဘာစေးခြစ်သည့် ရာသီ မဟုတ်သည့် မိုးရာသီကာလအတွင်း ကျွေးမွေးစောင့်ရှောက်ထားသော်လည်း မိုးရာသီလွန်ပြီး ရော်ဘာခြစ်ရာသီအစတွင် အလုပ်မှထွက်သွားကြသူများလည်း ရှိနေကြသည့်အတွက် ရော်ဘာခြံရှင်များအနေဖြင့် နစ်နာမှုများရှိနေကြောင်းနှင့် ကျွမ်းကျင် အလုပ်သမားရှားပါးမှုနှင့်ပါ ရင်ဆိုင်နေရကြောင်း အဆိုပါ ရော်ဘာခြံပိုင်ရှင်က ဆက်လက်ပြောကြားသည်။

ပြီးခဲ့သည့်နှစ် ရော်ဘာရာသီအဖွင့်ကာလက ရော်ဘာတစ်ပေါင်လျှင် ကျပ် ၁၈၅၀ ဝန်းကျင်ဈေးဖြစ်ခဲ့ပြီး ယခုနှစ် ရော်ဘာ ရာသီအစတွင် ရော်ဘာတစ်ပေါင်လျှင် ကျပ် ၁၂၅၀ ဝန်းကျင်ဈေးဖြစ်နေကြောင်း၊ သို့သော်လည်း ပေါက်ဈေးသီးသန့် မရှိနေသေးသည့်အတွက် ကြိုက်ရောင်းကြိုက်ဝယ်ပုံစံမျိုးနှင့် သွားနေရသေးကြောင်း ရော်ဘာလုပ်ငန်းရှင်များထံမှ သိရသည်။ "ရော်ဘာဈေးက လက်ရှိ ၁၂၅၀ ကျပ် ဝန်းကျင်အတိုင်းလောက်ပဲ သွားနေရမယ်ဆိုရင်တော့ ခြံပိုင်ရှင်တွေ၊ ရော်ဘာ လုပ်ငန်းရှင်တွေအနေနဲ့က အဆင်မပြေနိုင်ဘူး။ အစစအရာရာ ဈေးတက်နေတော့ ဘယ်လိုမှအဆင်မပြေနိုင်ဘူး"ဟု ရေးမြို့မှ ရော်ဘာလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မွန်ပြည်နယ်အတွင်း ရော်ဘာစိုက်ဧက ငါးသိန်းကျော်ရှိပြီး နှစ်စဉ်ရော်ဘာတန်ချိန် တစ်သိန်းကျော်ထွက်ရှိနေကြောင်း ရော်ဘာလုပ်ငန်းရှင်များ၏ ပြောကြားချက်များအရ သိရသည်။

**Source:** https://news-eleven.com/article/237690

## မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်တန်ဖိုး ဆက်တိုက်လျော့ကျလာပြီး ငါးလတာအတွင်း ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၀၄ ဒသမ ၆၃၄ သန်း လျော့ကျခဲ့ကြောင်းသိရ

နယ်စပ်ကုန်သွယ်ရေးစခန်းများအနက် ဒုတိယကုန်သွယ်မှုအများဆုံးဖြစ်သော မြဝတီနယ်စပ်မှ ထိုင်းနိုင်ငံသို့ ပို့ကုန် တင်ပို့မှုမှာ ယခုနှစ် ကုန်သွယ်ရေးမူဝါဒ အပြောင်းအလဲကြောင့် သိသိသာသာလျော့ကျလာခဲ့ကာ ၂၀၂၂ ခုနှစ် မေလ ၁ ရက်နေ့မှ စက်တင်ဘာ လ ၉ ရက်နေ့ထိ ငါးလနှင့်ကိုးရက်အတွင်း ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁၀၄ ဒသမ ၆၃၄ သန်း ထိ လျော့နည်းခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချသော ပို့ကုန်တန်ဖိုး ဘတ်ငွေများကို ဒေါ်လာဝယ်ယူကာ မြန်မာဘဏ်သို့ပြန်သွင်းပြီး ကျပ်ငွေပြန်ထုတ်ယူရသည့် ကုန်သွယ်ရေးမူဝါဒ အပြောင်းအလဲဖြစ်ကတည်းက မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ ထိုင်းနိုင်ငံသို့ တင်ပို့မှုလျော့ကျလာခြင်းဖြစ်သည်ဟု နယ်စပ်ကုန်သည်များထံမှ သိရသည်။

မြဝတီနယ်စပ် ကုန်သည်လုပ်ငန်းရှင်တစ်ဦးက “ယခုလမှာတော့ ပို့ကုန်တွေ မရှိသလောက်ပါပဲ၊ ထိုင်းသို့တင်ပို့ချင်တယ်ဆိုရင် အဝယ်ငွေသွင်းလွှာပြနိုင်မှ တင်သွင်းလို့ရတာလေ။ ဘယ်ထိုင်းနိုင်ငံသားကမှ ပစ္စည်းမရောက်ဘဲ ငွေလွှဲမလွှဲ ၊ ကိုယ့်နိုင်ငံသားအချင်းချင်း ငွေရင်းစိုက်ထုတ်ပြီး မြန်မာဘဏ်ထဲ ငွေသွင်းကြရတာ။ ဒါကို အစိုးရသတ်မှတ်တဲ့ ဒေါ်လာဈေးနဲ့ ပြန်ထုတ်ယူရတာဆိုတော့ သိန်းရာနဲ့ချီပြီး အရှုံးပေါ်ကြတာလေ။ ဒီအထိ ကြိတ်မှိတ်ပြီးလုပ်ခဲ့ကြပေမဲ့ ယခင်နှစ်တွေက ထိုင်းနိုင်ငံသို့ပို့ထားကြတဲ့ ပို့ကုန်တန်ဖိုးတွေကို ဒေါ်လာပြန်သွင်းခိုင်းတော့ ကုန်သည်တွေအများကြီး နစ်နာပါတယ်” ဟု ဆိုသည်။

မြဝတီနယ်စပ်ကုန်သွယ်ရေးတွင် ကုန်သွယ်ရေးမူဝါဒ အပြောင်းအလဲဖြစ်ပေါ်နေခြင်းက တရားဝင်ကုန်သွယ်မှု ခက်ခဲကျပ်တည်းလာခဲ့ကာ တရားမဝင်ကုန်သွယ်မှုကို တွန်းပို့သလိုဖြစ်နေသည်ဟု ဆိုသည်။ ထိုင်းနိုင်ငံသို့ မြန်မာလယ်ယာထွက်ကုန် ပြောင်း၊ ငရုတ်၊ ပဲ၊ အာလူး၊ ကြက်သွန်နှင့်ရေသယံဇာတ ငါး ၊ ပုစွန်၊ ကဏန်းများတင်ပို့ခဲ့ကြရာ ၂၀၂၂ မေလ ၁ ရက်နေ့မှ စက်တင်ဘာလ ၉ ရက်နေ့ထိ အမေရိကန်ဒေါ်လာ ၃၈၀ ဒသမ ၅၅၅ သန်းဖိုး တင်ပို့နိုင်ခဲ့သော်လည်း ယခင်နှစ်ကာလတူက တင်ပို့ခဲ့သည့် အမေရိကန်ဒေါ်လာ ၄၉၅ ဒသမ ၁၈၅ သန်း နှင့်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၁၀၄ ဒသမ ၆၃၄ သန်းထိ လျော့ကျသွားခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

ထိုင်းနိုင်ငံထုတ် ကုန်ပစ္စည်းများအား ပြည်တွင်းဈေးကွက်သို့ တင်သွင်းရာတွင် ပုံမှန်ထက်လျော့နည်းခဲ့သော်လည်း ငွေဈေးကြောင့် ကုန်ဈေးနှုန်း နှစ်ဆမြင့်တက်ကာ သွင်းကုန်တန်ဖိုးမြင့်တက်လာခဲ့ပြီး မေလ ၁ ရက်နေ့မှ စက်တင်ဘာလ ၉ ရက်နေ့ထိ အမေရိကန်ဒေါ်လာ ၆၁၄ ဒသမ ၅၃၂ သန်းဖိုး တင်သွင်းခဲ့သည့်အတွက် ယခင်နှစ်ကာလတူက ကုန်သွယ်ခဲ့သည့် ၅၈၀ ဒသမ ၃၇၃ သန်းနှင့်နှိုင်းယှဉ်ပါက ၃၅ ဒသမ ၁၅၉ သန်း ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

ထိုင်းနိုင်ငံနှင့်ထိစပ်နေသော မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မြိတ်၊ ထီးခီး၊ မောတောင်၊ မယ်စဲ့စသည့် နယ်စပ်စခန်းများမှ ယခုနှစ် မေလ ၁ ရက်နေ့ မှ စက်တင်ဘာလ ၉ ရက်နေ့ထိ အမေရိကန်ဒေါ်လာ ၂၃၀၆ ဒသမ ၇၀၂ သန်း ကုန်သွယ်ထားနိုင်ကြောင်းလည်း သိရသည်။

**Source:** https://news-eleven.com/article/237689

## အိန္ဒိယ ဆန်ကွဲတင်ပို့မှု ခွင့်ပြုရက် တိုးမြှင့်သတ်မှတ်


https://www.foodindustrydirectory.com.mm

အိန္ဒိယ ဆန်ကွဲတင်ပို့မှုကို သင်္ဘောတင်လက်စ ဆန်ကွဲများကို စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထားဆောင်ရွက်ကြရန် ရက်တိုးမြှင့်သတ်မှတ်ပေးလိုက်ပါသည်။ စက်တင်ဘာ ၈ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအရခွင့်ပြုထားသည့် ဆန်ကွဲတင်ပို့မှုအား ၂၀၂၂ စက်တင်ဘာ ၃၀ ရက်အထိ သက်တမ်းတိုးမြှင့်သတ်မှတ်ကြောင်း နိုင်ငံခြားကုန်သွယ်မှုညွှန်ကြားမှုဦးစီးဌာနက အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည်။

စက်တင်ဘာ ၈ ရက်က အမိန့်ကြော်ငြာစာတွင် စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အတွင်း ဆန်ကွဲအချို့ကို တင်ပို့ခွင့်ပြုမည်ဟု ဖော်ပြထားပါသည်။ အင်္ဂါနေ့(စက်တင်ဘာလ ၂၀)တွင် ဆန်ကွဲတင်ပို့မှု နောက်ဆုံးရက်ကို အိန္ဒိယအစိုးရက စက်တင်ဘာ ၃၀ ရက်အထိ တိုးမြှင့်ခွင့်ပြုခဲ့သည်။ စက်တင်ဘာလ ၁၅ ရက်နေ့အထိသာ အစောပိုင်းက ခွင့်ပြုခဲ့သည်။

**Source: money control**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/5029-india-broken-rice.html

## ကမ္ဘောဒီးယားက ယခုနှစ် ပထမရှစ်လအတွင်း ရော်ဘာနှင့်ဆန်တင်ပို့မှုမှ ကန်ဒေါ်လာ ၅၄၄ သန်းကျော် ဝင်ငွေရရှိ

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမရှစ်လအတွင်း ရော်ဘာနှင့်ဆန်တင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ စုစုပေါင်း ၅၄၄ ဒသမ ၁ သန်း ဝင်ငွေရရှိခဲ့ကြောင်း စက်တင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်သည့် တရားဝင်သတင်းထုတ်ပြန်ချက်များအရ သိရသည်။ အရှေ့တောင်အာရှနိုင်ငံတစ်ခုဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လ

အတွင်း ရော်ဘာ ၁၉၄၀၁၄ တန် တင်ပို့ခဲ့ကြောင်းနှင့် အဆိုပါပမာဏသည် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက တစ်ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ရော်ဘာအထွေထွေညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ် အရ သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်ပတမရှစ်လအတွင်း ကုန်စည်များတင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၃၀၁ ဒသမ ၃ သန်း ဝင်ငွေရရှိခဲ့ကြောင်းနှင့် ယမန်နှစ်ကထက် ၆ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမရှစ်လအတွင်း နိုင်ငံနှင့်ဒေသပေါင်း ၅၆ ခုသို့ ဆန်တန်ချိန်စုစုပေါင်း ၃၈၉၀၀၀ တင်ပို့ခဲ့ကြောင်း ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ဆန်တင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၂၄၂ ဒသမ ၈ သန်းဝင်ငွေရရှိခဲ့ကြောင်း ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ်က ဆက်လက်ပြောကြားသည်။

**Source:** ကြေးမုံသတင်းစာ

## STOCK EXCHANGE (22.9.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Sep. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,400 | +100 | +1.08% | 9,300 | 9,400 | 9,300 | 2,014 | 18,731,300 | 33,109,694 | 311,231 |
| MTSH | 00002 | 3,450 | +100 | +2.99% | 3,350 | 3,450 | 3,350 | 6,850 | 23,362,350 | 38,929,150 | 134,306 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 21 | 163,800 | 10,400,986 | 81,128 |
| FPB | 00004 | 20,000 | +0 | +0.00% | 20,000 | 20,000 | 20,000 | 304 | 6,080,000 | 2,472,053 | 49,441 |
| TMH | 00005 | 2,850 | +50 | +1.79% | 2,850 | 2,850 | 2,850 | 6 | 17,100 | 12,823,224 | 36,546 |
| EFR | 00006 | 2,750 | +50 | +1.85% | 2,750 | 2,750 | 2,750 | 29 | 79,750 | 19,977,223 | 54,937 |
| AMATA | 00007 | 5,400 | -100 | -1.82% | 5,400 | 5,400 | 5,400 | 12 | 64,800 | 10,497,598 | 56,687 |

### Market summary

As of 21st Sep. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 416.34 | +4.48 | +1.09% | 411.63 | 416.34 | 411.63 | 9,236 | 48,499,100 | 7 | 724,276 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 21st Sep. 2022

| MYANPIX | 416.34 ▲ 4.48 |
|---|---|
| Total Volume (shares) | 9,236 |
| Total Value (MMK) | 48 mil |
| Listed Company | 7 |
| Market Cap. (MMK) | 724,276 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,400 | ▲ 100 |
| MTSH | 00002 | 3,450 | ▲ 100 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 20,000 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 50 |
| EFR | 00006 | 2,750 | ▲ 50 |
| AMATA | 00007 | 5,400 | ▼ 100 |

TIR